# ၃ ထပ်မံပြည်ဝင်ခွင့်(ကိုင်ဆောင်ထားသော နေထိုင်ခွင့်အဆင့်ဖြင့် ဂျပန်နိုင်ငံတွင်းသို့ ထပ်မံဝင်ရောက်ခြင်း)

ဂျပန်နိုင်ငံမှထွက်ခွာသည့်အချိန်တွင် ထပ်မံပြည်ဝင်မှုစနစ်ကို အသုံးပြုလျှင် သတ်မှတ်ထားသော ကာလအတွင်းဖြစ်ပါက လက်ရှိကိုင်ဆောင်ထားသည့် နေထိုင်ခွင့်အဆင့်နှင့် နေထိုင်ခွင့်သက်တမ်း အတိုင်းပင် ဂျပန်နိုင်ငံတွင်းသို့ ထပ်မံပြည်ဝင်ခြင်းပြုနိုင်သည်။

## (၁) (မီနရှိ)အထူးထပ်မံပြည်ဝင်ခွင့် (တစ်နှစ်အတွင်းဂျပန်နိုင်ငံသို့ပြန်လာပါက)

နေထိုင်ခွင့်ကတ်ပြားကိုင်ဆောင်ထားသူအနက်မှ သက်တမ်းမကုန်လွန်သေးသောနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူသည် ဂျပန်နိုင်ငံမှထွက်ခွာ၍ ၁နှစ်အတွင်း (နေထိုင်ခွင့်သက်တမ်းကုန်ဆုံးချိန်သည် ၁နှစ်အောက်သာကျန်ရှိပါက ကျန်ရှိနေထိုင်ခွင့်သက်တမ်းအတွင်း) ဂျပန်နိုင်ငံသို့ပြန်လာပါက ဒေသ ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ ထပ်မံပြည်ဝင်ခွင့်ကို ရယူရန် မလိုအပ်ပါ။ ဂျပန်နိုင်ငံမှ ထွက်ခွာသည့်အခါ သင်၏ပတ်စပို့ (နှင့်နေထိုင်ခွင့်ကတ်) နှင့်အတူ ပြန်လည်ဝင်ခွင့်အတွက် ED ကတ်ကို ဖြည့်စွက်ပြီး လူဝင်မှုကြီးကြပ်ရေးမှူးထံ အတူတကွ တင်ပြပါ။

## (၂) ထပ်မံပြည်ဝင်ခွင့် (တစ်နှစ်ထက်ပို၍ဂျပန်နိုင်ငံမှထွက်ခွာလျှင်)

အနီးဆုံးဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးတွင် လျှောက်ထားကာ ထပ်မံပြည်ဝင်ခွင့်ကို ရယူလျှင် လက်ရှိကိုင်ဆောင်ထားသည့် နေထိုင်ခွင့်အဆင့်နှင့် နေထိုင်ခွင့်သက်တမ်း အတိုင်းပင် ပြည်ဝင် ပြည်ထွက်ပြုလုပ်နိုင်သည်။ (အများဆုံးသက်တမ်းမှာ၅နှစ်အထိ၊သို့မဟုတ် နေထိုင်ခွင့်သက်တမ်းကုန်ဆုံးချိန် သည် ၅နှစ်အောက်သာကျန်ရှိလျှင် ကျန်ရှိနေထိုင်ခွင့်သက်တမ်းအတွင်း) ဂျပန်နိုင်ငံမှ ထွက်ခွာသည့်အခါ သင်၏ပတ်စပို့ (နှင့်နေထိုင်ခွင့်ကတ်) နှင့်အတူ ပြန်လည်ဝင်ခွင့်အတွက် ED ကတ်ကို ဖြည့်စွက်ပြီး လူဝင်မှုကြီးကြပ်ရေးမှူးထံ အတူတကွ တင်ပြပါ။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/procedures/16-5.html

# ၄ ဒုက္ခသည်နှင့် အခြားအသိအမှတ်ပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း

ျပန်နိုင်ငံသည် ဒုက္ခသည်ဆိုင်ရာ အခြေအနေကန့်သက်ချက်များဆိုင်ရာ သဘောတူညီချက်နှင့် ဒုက္ခသည်နှင့် စပ်လျဉ်းသည့် သံတမန်ရေးကျင့်ဝတ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ ထိုသဘောတူညီချက်တွင် သတ်မှတ်ထားသည့်အတိုင်း ဒုက္ခသည်များကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဥပဒေတွင် သတ်ထားသည့်အတိုင်း အပိုဆောင်းကာကွယ်မှုခံရသူများကို အသိအမှတ်ပြုပါသည်။ ကျွန်တော်တို့သည် ဒုက္ခသည်များနှင့် အပိုဆောင်းကာကွယ်မှုခံရသူများအား အမြန်နှင့် ယုံကြည်စိတ်ချရသော ကာကွယ်မှု ပေးရန် ကတိပြုထားပါသည်။

## ၅-၃ ထွက်ခွာစေအမိန့်စနစ်

တရားမဝင်နေထိုင်စဉ်အတွင်း အောက်ပါအချက်များနှင့်ကိုက်ညီပါက ချုပ်နှောင်ထိန်းသိမ်းခြင်း မခံ ရဘဲ သာမန် လုပ်ထုံးလုပ်နည်းအရ ထွက်ခွာနိုင်သောစနစ်ဖြစ်သည်။

ထွက်ခွာစေအမိန့်နှင့်ထွက်ခွာရလျှင် မူအရ ၁နှစ်တာ ဂျပန်နိုင်ငံတွင်းသို့ဝင်ရောက်ခွင့်မရှိပေ။

### ထွက်ခွာစေအမိန့်စနစ်ကျင့်သုံးရန်လိုအပ်သောအချက်များ

ထွက်ခွာစေအမိန့်စနစ်ကျင့်သုံးရန် အောက်ပါအချက်များနှင့်ကိုက်ညီရန်လိုအပ်သည်။

(၁) (က) သို့မဟုတ် (ခ) ကို ပြည့်မီရမည်

(က) ချိုးဖောက်မှုအား စုံစမ်းစစ်ဆေးမှု မစတင်မီတွင် နိုင်ငံခြားသားသည် ဂျပန်နိုင်ငံမှ ထွက်ခွာရန် ရည်ရွယ်ချက်ဖြင့် ဒေသတွင်း လူဝင်မှုကြီးကြပ်ရေးရုံးတွင် မိမိကိုယ်တိုင်ဆန္ဒဖြင့် လျှောက်တင်ပြခဲ့လျှင်

(ခ) ချိုးဖောက်မှုအား စုံစမ်းစစ်ဆေးမှု စတင်ပြီးနောက် နိုင်ငံခြားသားသည် လူဝင်မှုကြီးကြပ်ရေးမှူးမှ အသိအမှတ်ပြုမှု အကြောင်းကြားချက်မရရှိမီ လူဝင်မှုကြီးကြပ်ရေးစစ်ဆေးရေးမှူး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်ရေးအရာရှိထံ ချက်ခြင်းဂျပန်နိုင်ငံမှထွက်ခွာလိုကြောင်း လျှောက်ထားခဲ့လျှင်

(၂) တရားမဝင်နေထိုင်မှုမှအပ အခြားအတင်းအကျပ်ထွက်ခွာစေရခြင်းအကြောင်းပြချက်မရှိလျှင်

(၃) နိုင်ငံခြားသားသည် ဂျပန်နိုင်ငံတွင်း ခိုးယူမှု စသည့် ပြစ်မှုတစ်မျိုးမျိုးကြောင့် အလုပ်နှင့်ထောင်ဒဏ် (သို့) အလုပ်မဲ့ထောင်ဒဏ် ချမှတ်ခံရခြင်းမရှိလျှင်



(၄) နိုင်ငံခြားသားသည် အတင်းအကျပ်ထွက်ခွာစေခြင်း မခံရဖူးလျှင် သို့မဟုတ် ထွက်ခွာစေအမိန့်အရ ထွက်ခွာရခြင်းမျိုးမရှိလျှင်

(၅) နိုင်ငံခြားသားသည် ဂျပန်နိုင်ငံမှ အလျင်အမြန်ထွက်ခွာတော့မည်ဖြစ်ကြောင်း သေချာလျှင်

## ၅-၄ အထူးနေထိုင်ခွင့်

နိုင်ငံမှ အတင်းအကျပ်ထွက်ခွာစေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဂျပန်နိုင်ငံအတွင်း နေထိုင်ခဲ့ဖူးခြင်းနှင့် မိသားစုအခြေအနေများကို ညှာတာထောက်ထား၍ တရားရေး ဝန်ကြီးမှ အထူးနေထိုင်ခွင့်ပေးအပ်သည့်အခြေအနေမျိုး လည်းရှိသည်။

# ၆ ပြည်ဝင်ပြည်ထွက်၊နေထိုင်မှုစသည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်သော နေရာများ

## ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ

| | | | |
|---|---|---|---|
| ဆပိုရိုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၀၆၀-၀၀၄၂၊ ဟိုကိုင်းဒိုး၊ ဆပိုရိုမြို့ ချူးအိုးရပ်ကွက်၊ ဒိုးရိုနီရှိ၊ ၁၂ ဘလောက် ဆပိုရို 3rd ပူးတွဲအစိုးရအဆောက်အဦ | ၀၅၇၀-၀၀၃၂၅၉ (IP ဖုန်း၊ နိုင်ငံရပ်ခြားမှ: ၀၁၁-၂၁၁-၅၇၀၁) |
| ဆန်းဒိုင်းလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၉၈၃-၀၈၄၂၊ ဆန်းဒိုင်းမြို့ မီရာဂီရပ်ကွက်၊ ဂိုရင်း ၁-၃-၂၀၊ ဆန်ဒိုင်း ဒုတိယဥပဒေရေးရာ ပူးတွဲအစိုးရအဆောက်အဦ | ၀၅၇၀-၀၂၂၅၉ (IP ဖုန်း၊ နိုင်ငံရပ်ခြားမှ: ၀၂၂-၂၅၆-၇၀၂၅) |
| တိုကျိုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၁၀၈-၈၂၅၅၊ တိုကျို၊ မီနာတိုရပ်ကွက်၊ ကိုနမ် ၅-၅-၃၀ | ၀၅၇၀-၀၃-၄၂၅၉ (IP ဖုန်း၊ နိုင်ငံရပ်ခြားမှ: ၀၃-၅၇၉၆-၇၂၃၄) |
| တိုကျိုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ ယိုစုယဌာနခွဲရုံး | | စာတိုက်သေတ္တာအမှတ် ၁၆၀-၀၀၀၄၊ တိုကျို၊ ရှင်းဂျူခုရပ်ကွက်၊ ယိုစုယ ၁-၆-၁၊ ယိုစုယယတာဝါ ၁၃လွှာ၊ ၁၄လွှာ | ၀၅၇၀-၀၁၁၀၀၀ |
| | နေထိုင်ခွင့် မှတ်ပုံတင်ရုံး၏ အခြေအနေ | မိမိဝင်ရောက်လုပ်ကိုင်လျက်ရှိသောအဖွဲ့အစည်းစသည်နှင့် စပ်လျဉ်း၍ လျှောက်ထားခြင်း၊ မိမိဝင်ရောက်လုပ်ကိုင်လျက်ရှိသောအဖွဲ့အစည်းသို့ လျှောက်ထားခြင်း | ၀၃-၅၃၆၃-၃၀၃၂ |
| | အွန်လိုင်း စုံစမ်းစစ်ဆေးရေးဌာန | နေထိုင်ခွင့်အွန်လိုင်းလျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ၀၃-၅၃၆၃-၃၀၃၀ |
| | သတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန | ပြန်လည်သုံးသပ်မှု စံချိန်စီမံခန့်ခွဲမှု | ၀၃-၅၃၆၃-၃၀၃၉ |
| နာရီတာလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၂၈၂-၀၀၀၄၊ ချိဘခရိုင်၊ နာရီတာမြို့ ဖုရူကိုမဲ အာဇဖု ရူကိုမဲ ၁-၁၊ တာမီနယ်(၂) အဆောက်အဦ ၆လွှာ | ၀၄၇၆-၃၄-၂၂၂၂ / ၀၄၇၆-၃၄-၂၂၁၁ |
| ဟာနဲဒါလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၁၄၄-၀၀၄၁၊ တိုကျို၊ အိုတာရပ်ကွက်၊ ဟာနဲဒါ လေဆိပ် ၂-၆-၄ CIQ အဆောက်အဦ | ၀၃-၅၇၀၈-၃၂၀၂ |
| ယိုကိုဟားမားအေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၂၃၆-၀၀၀၂၊ ခါနဂ၀ခရိုင်၊ ယိုကိုဟားမားမြို့ ခါနဇ၀ ရပ်ကွက်၊ ၁၀-၇ | ၀၅၇၀-၀၄၅၂၅၉ (IP ဖုန်း၊ နိုင်ငံခြားမှ: ၀၄၅-၇၆၉-၁၇၂၉) |
| နာဂိုယာလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၄၅၅-၈၆၀၁၊ အာအိချိခရိုင်၊ နာဂိုယာမြို့ မီနာတို ရပ်ကွက်၊ ရှောဟိုဘလောက် ၅-၁၈ | ၀၅၇၀-၀၅၂၂၅၉ (IP ဖုန်း၊ နိုင်ငံခြားမှ: ၀၅၂-၂၁၇-၈၉၄၄) |
| ချူဘုလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၄၇၉-၀၈၈၁၊ အာအိချိခရိုင်၊ တိုခိုနာမဲရပ်ကွက်၊ CENTRAIR အဆောက်အဦ 3F | ၀၅၆၉-၃၈-၇၄၁၀ |
| အိုဆာကာဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှု အေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၅၅၉-၀၀၃၄၊ အိုဆာကာခရိုင်၊ အိုဆာကာမြို့ ဆုမိနိုအဲရပ်ကွက်၊ တောင်ဘက်ခိုးဟိုခု ၁-၂၉-၅၃ | ၀၅၇၀-၀၆၄၂၅၉ (IP ဖုန်း၊ နိုင်ငံခြားမှ: ၀၆-၄၇၀၃-၂၁၅၀) |
| ကန်းဆိုင်းလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၅၄၉-၀၀၁၁၊ အိုဆာကာ၊ ဆန်းနမ်းရပ်ကွက်၊ တာဂျီရီ ဘလောက်၊ ဆန်းရှုလေယာဉ်ကွင်းအတွင်း မြေအမှတ် ၁ | ၀၇၂-၄၅၅-၁၄၅၃ |
| ကိုဘေးအေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၆၅၀-၀၀၂၄၊ ဟရောဂိုခရိုင်၊ ကိုဘေးမြို့ ချူးအိုး ရပ်ကွက်၊ ခိုင်းဂန်း လမ်းမ မြေအမှတ် ၂၉၊ ကိုဘေးဒေသဆိုင်ရာ ပူးတွဲအစိုးရ အဆောက်အဦ | ၀၇၈-၃၉၁-၆၃၇၇ |

| | | |
|---|---|---|
| ဟီရိုရှီးမားလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | စာတိုက်သေတ္တာအမှတ် ၇၃၀-၀၀၁၂၊ ဟီရိုရှီးမားမြို့ နာကာရပ်ကွက်၊ ခါမိဟချီဘိုရီ ၂-၃၁၊ ဟီရိုရှီးမား ဥပဒေရေးရာ အထွေထွေရုံးအဆောက်အဦ | ၀၈၂-၂၂၁-၄၄၁၁ |
| တာကမဆုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | စာတိုက်သေတ္တာအမှတ် ၇၆၀-၀၀၃၃၊ ခါဂဝခရိုင်၊ တာကမဆုမြို့ မာရုနိုအုချိ ၁-၁၊ တာကမဆု ဥပဒရေးရာ ပူးတွဲအစိုးရအဆောက်အဦး (အထွေထွေတိုင်းရေးရာဌာနခွဲ၊ အကောင်အထည်ဖော်ဌာန) | ဖုန်း-၀၈၇-၈၂၂-၅၈၅၂ (တစ်ဆင့်) |
| Takamatsu ဒေသန္တရ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုဌာန Hamanocho ရုံးခွဲ | စာတိုက်သေတ္တာအမှတ် ၇၆၀-၀၀၁၁၊ ခါဂဝခရိုင်၊ တာကမဆုမြို့ Hamanocho၊ Hamanomachi ရုံးခွဲ (တရားစီရင်ရေးအပိုင်း) ၇၂-၉ | ဖုန်း-၀၈၇-၈၂၂-၅၈၅၁ (တစ်ဆင့်) |
| ဖူကူဆိုကာလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | စာတိုက်သေတ္တာအမှတ် ၈၁၀-၀၀၇၃၊ ဖူကူအိုကာခရိုင်၊ ဖူကူအိုကာမြို့ ချောရပ်ကွက်၊ ချူးအိုးရပ်ကွက်၊ ၃ ဘလောက် နံပါတ် ၅၊ အမှတ်စဉ် ၂၅၊ ဖူကုအိုကာ ပထမဥပဒရေးရာအထွေထွေရုံးအဆောက်အဦ | ဖုန်း-၀၉၂-၇၁၇-၅၄၂၀ (တစ်ဆင့်) |
| နာဟအေဂျင်စီဌာနခွဲ | စာတိုက်သေတ္တာအမှတ် ၉၀၀-၀၀၂၂၊ အိုကီနာဝါခရိုင်၊ နာဟမြို့ ဟီဂဝ ၁-၁၅-၁၅၊ နာဟပထမ တိုင်းဒေသကြီး အစိုးရအဆောက်အဦ | ဖုန်း-၀၉၈-၈၃၂-၄၁၈၅ (တစ်ဆင့်) |
| ဂျပန်အရှေ့ပိုင်း လူဝင်မှု ကြီးကြပ်ရေးစင်တာ | စာတိုက်သေတ္တာအမှတ် ၃၀၀-၁၂၈၈၊ အီဘာရာကီခရိုင်၊ အုရှိခုရပ်ကွက်၊ ခုနိဘလောက် ၁၇၆၆-၁ | ဖုန်း-၀၂၉-၈၇၅-၁၂၉၁ (တစ်ဆင့်) |
| အိုမူရာ လူဝင်မှုကြီးကြပ်ရေးစင်တာ | စာတိုက်သေတ္တာအမှတ် ၈၅၆-၀၈၁၇၊ နာဂါဆာကီခရိုင်၊ အိုမူရာမြို့ ခိုဂါရှိမာဘလောက် ၆၄၄-၃ | ဖုန်း-၀၉၅၇-၅၂-၂၁၂၁ (တစ်ဆင့်) |

## နိုင်ငံခြားသားနေထိုင်ခွင့်ထောက်ပံ့မှုစင်တာ(FRESC)

| | | |
|---|---|---|
| နိုင်ငံခြားသားနေထိုင်ခွင့် ထောက်ပံ့မှုစင်တာ | စာတိုက်သေတ္တာအမှတ် ၁၆၀-၀၀၀၄၊ တိုကျို၊ ရှင်းဂျုခုရပ်ကွက်၊ နီရှိယ ၁-၆-၁၊ နီရှိယတာဝါ ၁၃လွှာ | ဖုန်း-၀၅၇၀-၀၁၁၀၀၀ (IP ဖဖုန်း၊ နိုင်ငံခြားမ : ၀၃-၅၃၆၃-၃၀၁၃) |

## နိုင်ငံခြားသားနေထိုင်ခွင့် အထွေထွေ သတင်းအချက်အလက်ဌာနစသည့် နိုင်ငံခြားသာနေထိုင်ခွင့်သတင်း အချက်အလက်ဌာန

| | |
|---|---|
| လာရောက်ဆွေးနွေးတိုင်ပင်ခြင်း | အထက်ဖော်ပြပါ ဒေသအသီးသီးရှိ လူဝင်မှုကြီးကြပ်ရေး ထိန်းချုပ်ရေးရုံးများ။(တိုကျိုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ ယိုစုယဌာနခွဲရုံး၊ လေဆိပ်ရုံးခွဲတိုင်းနှင့် လူဝင်မှုကြီးကြပ်ရေး ထိန်းချုပ်ရေးဌာနတိုင်းမှလွဲ၍) |
| ဖုန်းဖြင့်ဆွေးနွေးတိုင်ပင်ခြင်း | ဖုန်း- ၀၅၇၀-၀၁၃၉၀၄ (IP/ PHS/ နိုင်ငံရပ်ခြားမှ : ၀၃-၅၇၉၆-၇၁၁၂) |

